# ဆက်သွယ်မှု

## မိဘများနှင့် အုပ်ထိန်းသူများအတွက် သိကောင်းစရာ အချက်အလက်များ

ဤစာစောင်သည် သင့်ကလေးက သင့်စောင့်ရှောက်မှုအောက်တွင် မရှိသည့်အချိန်၌ သူတို့နှင့် ဆက်သွယ်ခြင်းအကြောင်းကို ဖော်ပြထားပါသည်။ စာစောင်က အဆက်အသွယ် ထားရခြင်းအကြောင်းနှင့် မည်ကဲ့သို့ စီစဉ်ရကြောင်းကို နားလည်စေရန် အထောက်အကူပြုပါသည်။ အကယ်၍ သင်က သင့် ဆက်သွယ်မှုဆိုင်ရာ စီစဉ်ခြင်းများကို မကျေနပ်လျှင် သို့မဟုတ် ၎င်းတို့ကို ပြောင်းလဲလိုလျှင်လည်း သင့်ကို အထောက်အကူပြုမည်ဖြစ်ပါသည်။ ဤအချက်အလက်များသည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်း၏ ကြားဝင် ဆုံးဖြတ်မှုရလဒ်ကြောင့် မိဘများကိုယ်စား မိဘသဖွယ် ယာယီစောင့်ရှောက်ပေးမှု၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုစနစ်အရ နေရာအသစ်တစ်ခု၌ စောင့်ရှောက်ပေးမှု နှင့် သွေးသားတော်စပ်သူများ၏ စောင့်ရှောက်ပေးမှု (ဆွေမျိုး သို့မဟုတ် အလွန် ရင်းနှီးခင်မင်သူများက စောင့်ရှောက်ပေးခြင်း) တို့ပါဝင်သော အိမ်ပြင်ပတွင် စောင့်ရှောက်ပေးခြင်းခံနေကြရသည့် ကလေးများ၊ လူငယ်များနှင့် သက်ဆိုင်ပါသည်။

## ဆက်သွယ်မှုဆိုသည်မှာ အဘယ်နည်း။

တွေ့ဆုံရန် အခွင့်အလမ်း (access) ဟုလည်း တစ်ခါတစ်ရံ၌ ခေါ်ကြသည့် ဆက်သွယ်မှုဆိုသည်မှာ သင့်ကလေးသည် စောင့်ရှောက်မှု ခံယူစဉ် သင် သို့မဟုတ် အခြားမိသားစုဝင် သို့မဟုတ် မိတ်ဆွေများက သင့်ကလေးနှင့် မည်သည့်ဆက်သွယ်ခြင်းမျိုးကိုမဆို ဆိုလိုပါသည်။

ဆက်သွယ်မှုသည် မျက်နှာခြင်းဆိုင် သွားရောက်တွေ့ဆုံခြင်းများ သို့မဟုတ် အတူတကွ ပြင်ပသို့သွားလည်ခြင်း၊ ညအိပ်ညနေ နေခြင်း၊ တယ်လီဖုန်း ဆက်ခြင်းများ၊ စာများ၊ ကတ်များ အီးမေးလ်များပို့ခြင်း အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဖြစ်နိုင်သည်။ တစ်ခါတစ်ရံ ကလေးများနှင့် လူငယ်များ ဘေးကင်းလုံခြုံမှုရှိစေရန် ဆက်သွယ်မှုကို စောင့်ကြပ်ထိန်းသိမ်းပါသည်။

## ဆက်သွယ်မှုသည် အဘယ်ကြောင့် အရေးကြီးသနည်း။

ဆက်သွယ်မှုက ကလေးများ သို့မဟုတ် လူငယ်များအား သူတို့အတွက် အရေးကြီးသော သူတို့၏မိသားစုဝင်နှင့် အခြားသူများဖြင့် အဆက်မပြတ် ထိတွေ့နိုင်စေရန် အထောက်အကူပြုသည်။ ဆက်သွယ်မှုဆိုသည်မှာ သင့်ကလေးသည် သင့် စောင့်ရှောက်မှုအောက် တစ်ချိန်ချိန် ပြန်လည်ရောက်ရှိလာရန် လုပ်ဆောင်မှုများကို လုပ်ကိုင်ခြင်း သို့မဟုတ် သူတို့သည် စောင့်ရှောက်မှု ခံယူနေစဉ် သင်နှင့် သူတို့ဘဝတွင် အရေးကြီးသော အခြားသူများနှင့် ထိတွေ့ဆက်သွယ်မှု ရှိနေစေရန် အားပေးကူညီခြင်းတို့ ဖြစ်နိုင်သည်။

## ဆက်သွယ်မှုသည် မည်သူ့အတွက်နည်း။

ဆက်သွယ်မှုသည် သင့်ကလေးက သင်နှင့် သူ့တို့အတွက် အရေးကြီးသောသူများနှင့် ဆက်လက် ထိတွေ့မှု ရှိနေစေရန် ဖြစ်သည်။ ဆက်သွယ်မှုနှင့်ပတ်သက်ပြီး ဆုံးဖြတ်ရာတွင် သင့်ကလေး၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို ဦးစားပေးရမည်ဖြစ်သည်။ မိဘများနှင့် မိသားစုဝင်များမှာလည်း ရပိုင်ခွင့် အခွင့်အရေးများ ရှိကြပြီး အကယ်၍ ဆက်သွယ်မှုနှင့် ပတ်သက်သော သဘောတူညီချက် မရနိုင်သည့်တိုင် သင်တို့၏ အမြင်များနှင့် လိုလားချက်များကို လေးစားစွာ သဘောထားရမည် ဖြစ်ပါသည်။

## ကျွန်ုပ်၏ကလေး ကောင်းမွန်စွာရှိနေစေရန် ဆက်သွယ်မှုတွင် မည်သို့အကူအညီပေးနိုင်သနည်း။

တည်ငြိမ်ပြီး လေးလေးစားစားနှင့် ကြိုတင်ခန့်မှန်းနိုင်သော ဘေးကင်းလုံခြုံသည့် နည်းလမ်းဖြင့် ဆက်သွယ်လုပ်ဆောင်လျှင် သင့်ကလေးက ဆက်သွယ်မှုကို ပို၍ပင် ကြည်နူးနှစ်သက် လာပါလိမ့်မည်။ အကယ်၍ လူတိုင်းက ဤသို့ပြုမူကြမည်ဆိုလျှင် ဆက်သွယ်မှုသည် ပိုမိုကောင်းမွန်လာပြီး သင့်ကလေးကလည်း ဤအချိန်ကို ပိုပြီး သာယာကြည်နူးလာရန် အလားအလာရှိပါသည်။

သင့်ကလေးနှင့် မျက်နှာခြင်းဆိုင် တွေ့ဆုံရသောအခါ သူနှင့်အတူ လုပ်ဆောင်နိုင်သောအရာများ၊ ဥပမာ စာအုပ်များ သို့မဟုတ် ကစားရန် ဂိမ်းများ ယူလာရန် သင်စဉ်းစားနိုင်ပါသည်။ အကယ်၍ သင့်မှာ အကူအညီလိုအပ်ပါက သင့်ကလေး၏ ကိစ္စရပ်ဆိုင်ရာ ဆောင်ရွက်သူကို မေးရန် အားမနာပါနှင့်။

သင့်ကလေး၏ ကိစ္စရပ်ဆိုင်ရာ ဆောင်ရွက်သူကို သင် မေးစရာများ မုချရှိလိမ့်မည်။ ဆက်သွယ်မှုတွင် သင်သည် အချိန်အပြည့်ပေးကာ အာရုံစိုက်ပြီး သင့်ကလေးနှင့် ချမ်းမြေ့ပျော်ရွှင်စွာနေရန် လိုအပ်သဖြင့် အကယ်၍ ဖြစ်နိုင်ပါက ကိစ္စရပ်ဆိုင်ရာ ဝန်ထမ်းနှင့် ဆွေးနွေးရန်အတွက် သီးခြားအချိန်တစ်ခု စီစဉ်ပါ။

## မည်သူက ဆက်သွယ်မှုပြုနိုင်သနည်း။

သင့်ကလေးသည် သင်နှင့်အတူမနေသည့်အချိန်တွင် ကျွန်ုပ်တို့က သူတို့သည် ဘေးကင်းလုံခြုံမှုရှိကြပြီး ကောင်းမွန်စွာ စောင့်ရှောက်ခြင်းခံရရန်နှင့် သူတို့၏ နေ့စဉ် လုပ်ငန်းဆောင်တာများကိုလည်း စံနစ်တကျ စီစဉ်ရန် သေချာစွာပြုလုပ်ရပါသည်။ သင့်ကလေး စောင့်ရှောက်မှုခံယူနေစဉ် ဆက်သွယ်မှုပြုနိုင်သည်ဟု တရားရုံး အမိန့်ထဲတွင် ပါဝင်သူများ သို့မဟုတ် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်း၏ အတည်ပြု ခွင့်ပြုချက်ရပြီးသူများသာ သင့်ကလေးနှင့် ဆက်သွယ်နိုင်ပါသည်။

မည်သူတို့က ဆက်သွယ်မှုပြုနိုင်သည်ဆိုသည့် ဆုံးဖြတ်ချက်မှာ သင့်ကလေး၏ လိုအပ်ချက်များ၊ သင့်မိသားစု၏ အခြေအနေ၊ ကလေးသူငယ်များဆိုင်ရာ တရားရုံး၏ အမိန့်နှင့် ကိစ္စရပ်ဆိုင်ရာ အစီအစဉ်တို့အပေါ်တွင် မူတည်ပါသည်။

ခွင့်ပြုချက်ရသူများသာလျှင် ဆက်သွယ်မှုပြုလုပ်ရန် အရေးကြီးပါသည်။ အကယ်၍ ဆက်သွယ်မှုပြုရန် ခွင့်ပြုချက်မရသူတစ်ဦးဦးက ဆက်သွယ်မှုအတွက် တွေ့ဆုံရန် လာရောက်ခဲ့လျှင် သူတို့ကို သင့်ကလေးနှင့် တွေ့ခွင့်ပြုမည်မဟုတ်ပါ။ အကယ်၍ ဆက်သွယ်မှုကို ကြီးကြပ်ထားသည့်တိုင်၊ အကယ်၍ သင်ကလည်း ထိုသူကို ကောင်းစွာသိသည့်တိုင်၊ သို့မဟုတ် သူတို့က သင့်ကလေးနှင့် ယခင်က တွေ့ဆုံဘူးသည့်တိုင် သူတို့ကို ဆက်သွယ်မှုအတွက် နေခွင့်ပြုမည်မဟုတ်ပါ။

## အကယ်၍ ကျွန်ုပ်က ကျွန်ုပ်နှင့်အတူ တစ်စုံတစ်ယောက်ကို ဆက်သွယ်မှုသို့ ခေါ်လာလိုပါက မည်သို့လုပ်ရမည်နည်း။

အကယ်၍ သင်က သင်နှင့်အတူ တစ်စုံတစ်ယောက်ကို ဆက်သွယ်မှုသို့ ခေါ်လာလိုပါက သင့်အနေနှင့် ထိုအချိန်မတိုင်မီ သင့်ကလေး၏ ကိစ္စရပ်ဆိုင်ရာ ဝန်ထမ်းနှင့် ကြိုတင်ပြီး ဆွေးနွေးသင့်ပါသည်။ ဆုံးဖြတ်ချက်မချနိုင်မီ ထိုသူကို စစ်ဆေး စိစစ်ရန် လိုအပ်ပါလိမ့်မည်။ ထိုသူက ရဲစခန်း၏ အမှုအခင်း ကင်းရှင်းကြောင်း အပါအဝင် အချို့သော စစ်ဆေးချက်များကို ပြုလုပ်ခံမည်ဖြစ်ကြောင်း သဘောတူရန် လိုအပ်ပါသည်။

ထိုသူအား တွေ့ဆုံခွင့် မပေးမီ ၎င်းအား စစ်ဆေးစိစစ်ခြင်းပြုလုပ်ရန် သင်က အချိန်လုံလောက်စွာပေးဖို့ လိုအပ်ပါသည်။ ဆုံးဖြတ်ချက်ကို ပုံမှန်အားဖြင့် အတော်အသင့် မြန်ဆန်စွာ ချမှတ်ပေးနိုင်ပါသည်။

## ဆက်သွယ်မှု အစီအစဉ်များမှာ ဘာတွေဖြစ်သည်ကို ကျွန်ုပ်မည်သို့ သိရမည်နည်း။

သင့်ကလေးအတွက် ဆက်သွယ်မှု အစီအစဉ်များကို ဖော်ထုတ်ရာတွင် သင် ပါဝင်နိုင်သည့် အခွင့်အလမ်း ရရှိပါမည်။ သင့်အနေနှင့် ဆက်သွယ်မှု အစီအစဉ်များကို အမြဲတမ်း သဘောတူနေရမည် မဟုတ်ပါ။ အကယ်၍ သင့်မှာ စိတ်ပူပန်နေရသည်များ ရှိပါက ကျေးဇူးပြု၍ ၎င်းအချက်များကို သင့်ကလေး၏ ကိစ္စရပ်ဆိုင်ရာ ဝန်ထမ်းနှင့် ဆွေးနွေးပါ။ အကယ်၍ အခြေအနေများပြောင်းလဲလျှင် ဆက်သွယ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် အစီအစဉ်များကို ပြန်လည် သုံးသပ်ပေးပါသည်၊ သင်လည်း သင့်ထင်မြင်ယူဆချက်ကို အမြဲတမ်း တင်ပြနိုင်ခွင့် ရှိသင့်ပါသည်။

ဆက်သွယ်မှုအတွက် စီစဉ်ရာတွင် အောက်ပါအချက်များအတွက် ဆုံးဖြတ်ခြင်းလည်း ပါဝင်သည် -

- မည်သူက ဆက်သွယ်နိုင်သနည်း
- တစ်ဦးခြင်းစီ မည်သို့သော ဆက်သွယ်မှုမျိုး ရနိုင်သနည်း
- အကြိမ်မည်မျှ၊ မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် ဖြစ်နိုင်မည်နည်း
- အကယ်၍ ဆက်သွယ်မှုကို ကြီးကြပ်မည်လား၊ သို့ဖြစ်လျှင် မည်သူက ကြီးကြပ်မည်နည်း
- ဆက်သွယ်မှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ (ဥပမာ၊ အကယ်၍ တစ်စုံတစ်ယောက်က မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာ သုံးစွဲယစ်မူးပြီး လာခဲ့လျှင်)
- အကယ်၍ ဆက်သွယ်မှုသည် စီစဉ်ထားသည့်အတိုင်း ဖြစ်မလာနိုင်ခဲ့ပါက ဘာဖြစ်မည်နည်း တို့ဖြစ်ပါသည်။

## အကယ်၍ ကျွန်ုပ်က ဆက်သွယ်မှုနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို သဘောမတူလျှင် ဘာလုပ်ရမည်နည်း။

အကယ်၍ သင်က ဆက်သွယ်မှုနှင့်ပတ်သက်သောဆုံးဖြတ်ချက်ကို သဘောမတူခဲ့လျှင် သင့်ကလေး၏ ကိစ္စရပ်ဆိုင်ရာဝန်ထမ်းကို အသိပေးပါ။ သူတို့က ကူညီကောင်း ကူညီနိုင်ပါလိမ့်မည်။ အကယ်၍မကူညီနိုင်ပါက ကိစ္စရပ်ဆိုင်ရာ ဝန်ထမ်း၏မန်နေဂျာနှင့် ဆွေးနွေးနိုင်ပါသည်။ သင့်အနေနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်း၏ သင့်ကလေးအတွက် မည်သည့် ဆုံးဖြတ်ချက်ကိုမဆို ရှင်းပြရန် တောင်းဆိုနိုင်သည်။ အကယ်၍ သင်က မကျေနပ်သေးပါက ထိုဆုံးဖြတ်ချက်ကို ပြန်လည်စိစစ် သုံးသပ်ပေးရန် တင်ပြခြင်းနှင့်ဆိုင်သော အချက်အလက်များကို တောင်းပါ။

**အကယ်၍ ဤအချက်အလက်များကို သင်နားလည်ရန် အကူအညီလိုအပ်ပါက ကျေးဇူးပြု၍ သင့်ကလေး၏ ကိစ္စရပ်ဆိုင်ရာ ဝန်ထမ်းကို ပြောပါ။**

သင့်ကလေး၏ ကိစ္စရပ်ဆိုင်ရာ ဝန်ထမ်းသည် - ဖုန်းနံပါတ် -

ကိစ္စရပ်ဆိုင်ရာ ဝန်ထမ်း၏ မန်နေဂျာသည် - ဖုန်းနံပါတ် -